
http://swanbros.blogspot.com



http://swanbros.blogspot.com

စိတ်ကူးချိုချိုစာအုပ် ၄၇

# လူတိုင်းမှာအလားအလာရှိတယ်

**မြင့်စိုးလှိုင်**

ပြန်ဆို၍

**အော်ပီကျယ်**

သရုပ်ဖော်သည်။

၂၀၀၀ ခုနှစ်၊ နိုဝင်ဘာလ

http://swanbros.blogspot.com



An act of justice closes the book on a misdeed; an act of vengence writes one of its own.

*- MARILYN VOS SAVANT*



■ အမုန်းစီးရီး

တရားမျှတတဲ့ အပြုအမူက မကောင်းမှု ဒုစရိုက်စာအုပ်ကို ပိတ်ပစ်တယ်။ လက်စားချေတဲ့ အပြုအမူကတော့ အဲဒီစာအုပ်မျိုး သူ့ဘာသာသူ အသစ်တစ်အုပ် ရေးတတ်တယ်။

မေရီလင်း ဗော့စ် ဆဗဲန့်တ်

We call things we don't
understand complex,
but it means we haven't found
a good way of thinking about them.

- *TSUTOMU SHIMOMURA*

http://swanbros.blogspot.com



■ မရှင်းတတ်လို့ရှုပ်တာ

ကျွန်တော်တို့က ကိုယ်နားမလည်တဲ့ ဟာတွေဆိုရင် ရှုပ်ထွေးလွန်းပါတယ်လို့ ပြောတတ်ကြတယ်။ ဒါပေမယ့် ဒီစကားက အဲဒါတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့မှာ တွေးပုံတွေးနည်း ကောင်းကောင်း မရှိသေးဘူးလို့ ဆိုလိုရာရောက်တယ်။

ဆူတိုမူ ရှိမိုမူရာ

The game of life is
a lot like football.
You have to tackle your problems,
block your fears and score
your points when you
get the opportunity.

- *LEWIS GRIZZARD*



■ ဘဝဘောလုံးပွဲ

ဘဝဆိုတာ ဘောလုံးပွဲနဲ့ တော်တော်တူတယ်။ ပြဿနာတွေကို မိမိရရ ဖမ်းရတယ်ဗျာ။ စိုးရိမ်ပူပန်စရာတွေကို ပိတ်ဆို့ကာကွယ်ရတယ်ဗျာ၊ နောက်ပြီး အခွင့်သာရင် အမှတ်တွေတက်လာအောင် အပိုင်ကန်သွင်းရတယ်လေဗျာ။

လူးဝစ် ဂရစ်ဇတ်

Treat a person as he is,
and he will remain as he is.
Treat him as he could be,
and he will become
what he should be.

- *JIMMY JOHNSON*

http://swanbros.blogspot.com



## ■ လူတိုင်းမှာ အလားအလာရှိတယ်

လူတစ်ယောက်ကို သူ့ရှိရင်းစွဲအတိုင်းပဲ ဆက်ဆံမယ်ဆိုရင် အဲဒီလူ ဒီ့ရင်းကနေ တိုးပြီးတက်လာမှာမဟုတ်ဘူး။ သူ ဘာဖြစ်နိုင်သလဲဆိုတာ မှန်းပြီးဆက်ဆံကြည့်၊ သူဖြစ်စရာရှိတာ အဲဒီလူ ဖြစ်ကို ဖြစ်လာလိမ့်မယ်။

ဂျင်မီ ဝှူန်ဆင်

One isn't born one's self.
One is born with a mass of
expectations, a mass of
other people's ideas-and
you have to work through it all.

*- V.S. NAIPAUL*



## ■ လူ့အမှု လူ့ဝန်တာ

လူဆိုတာ တစ်ယောက်တည်း အထီးတည်း မွေးဖွားလာတာ မဟုတ်ဘူး။ မျှော်လင့်ချက်တွေ တစ်ထမ်းကြီး၊ အများသူငါရဲ့ စိတ်ကူးစိတ်သန်းတွေ တစ်ပြုံတစ်ခေါင်းကြီးနဲ့အတူ မွေးဖွားလာတာ။ ပြီးတော့ ဒါတွေကို နှံ့စပ်အောင် အားထုတ်လုပ်ကိုင်သွားရဦးမှာပါ။

ဗွီ၊ အက်စ်၊ နိုင်ပေါလ်

Life is like a ten-speed bicycle.
Most of us have gears we never use.

*- CHARLES SCHULZ*



■ ပုံသေ

ဘဝဆိုတာ ဂီယာဆယ်ချက်ပါတဲ့ စက်ဘီးတစ်စီးနဲ့ တူတယ်။ ကျွန်တော်တို့ အများစုက ဂီယာစုံအောင်မပြောင်းဘဲ စီးနေကြတာ ဆိုတော့၊ မထိုးဖြစ်တဲ့ ဂီယာတွေ အများကြီးပဲ။

ချားလ်စ် ရှုလ်ဇ်

http://swanbros.blogspot.com

It's a funny thing about life;
if you refuse to accept anything
but the best, you very often get it.

- *W. SOMERSET MAUGHAM*



■ ၂၃ နှံ ဒီဂရီစောင်းနေတဲ့ လောကကြီးမှာ

ဘဝဆိုတာ အတော်ရယ်ဖို့ကောင်းတယ်။ အကောင်းဆုံးက လွဲရင် ဘာမှလက်မခံဘူးလို့ ခင်ဗျားငြင်းကြည့်၊ အဲ - - ရရောဗျို့ ခထာ ခထာ။

ဇဗလျူ ဆမ္မားဆက်မွမ်

There is only one thing for a man
to do who is married to a woman
who enjoy spending money,
and that is to enjoy earning it.

- *E.W.HOWE*



■ ရွှေ့ကမောင်သာ အစဉ်နေ


ပိုက်ဆံကိုင်သုံးရတာကို ပီတိဖြစ်နေတတ်တဲ့ မိန်းမမျိုးနဲ့ အကြောင်းပါတဲ့ ယောက်ျားတစ်ယောက်အနေနဲ့ လုပ်ရမှာတစ်ခုပဲ ရှိတယ်။

အဲဒါကတော့ ကုန်းရုန်းရှာရတာကို ပီတိဖြစ်နေတတ်ဖို့ပဲ။

အီး ဒဗလျူ ဟိုး

There is little room left for wisdom
when one is full of judgement.

*- MALCOLM HEIN*




■ ခြောက်ပြစ်ကင်းမှ ဖြစ်မှာလား

လူတစ်ယောက်မှာ ဆုံးဖြတ်ပြဌာန်းပြီးသားတွေချည်း ဖြစ်နေရင် ပညာဉာဏ်အတွက် နေရာသိပ်ကျန်မှာမဟုတ်တော့ဘူး။

မယ်လ်ကွမ်း ဟိန်း

Nothing last forever-not even your troubles.

*- ARNOLD GLASOW.*



■ ကမ္ဘာ့စိုကြီးများသို့


ကိုယ့်ဒုက္ခမှ ဒုက္ခလုပ်မနေနဲ့။ လောကမှာ ထာဝရတည်တဲ့တာ ဘာတစ်ခုမှ မရှိဘူး။

အန်း ဂလက်ဆိုး

Why not go out on a limb?
Isn't that where the fruit is?

- *FRANK SCULLY*

http://swanbros.blogspot.com



■ ရဲရဲလျှောက်

သစ်ကိုင်းပေါ် ဘာပြုလို့ တိုးမသွားရဲရမှာလဲ။
အသီးသီးနေတာက အဲဒီမှာ မဟုတ်ဘူးလား။

ဖရဲနဲ့ စကလွှီး

Ever since the world began,
it has been mostly wickedness
that has made the headlines.
How many people even know that
Adam and Eve had a third son,
who never got into trouble?

- Sydney J. Harris

http://swanbros.blogspot.com



■ ပြောရရင် မကောင်းဘူး

ကမ္ဘာဦးစကတည်းက ခေါင်းကြီးပိုင်းတွေလောက် ကောက်ကောက်ပြောတတ်ကြလို့ မဟုတ်ကဟုတ်ကဟာတွေ များနေတာ။ အာဒမ်နဲ့ ဧဝမှာ ဆင်းရဲဒုက္ခဆို ဘာမှန်းကိုမသိတဲ့ တတိယသား တစ်ယောက် ရှိသေးတယ်ဆိုတာကျတော့သိတဲ့လူဘယ်နှစ်ယောက် ရှိလို့လဲ။

ဆစ်ဒနီ ဂျေ၊ ဟဲရစ်

I don't think being well-rounded
is particularly important.
I would rather see people with
a cutting edge on them.

*- BARNABY KEENEY*



■ **မှန်တမ်းပဲကောင်းပါတယ်**

ကိုယ့်အနားမှာ လူတွေ ဝိုင်းဝိုင်းလည်နေတာကို အရေးပါအရာရောက်လှပြီလို့ ကျွန်တော်မထင်ဘူး။ ဖြစ်နိုင်ရင် ဓားနဲ့ပါးပါးလှီးထားသလို လူတွေကို တစ်လွှာချင်းပဲ ကျွန်တော်တွေ့ချင်တယ်။

**ဘာနဘီ ကီးနေး**

A leader who keeps his ear
to the ground allows
his rear end to become a target.

*- ANGIE PARADAKIS*



■ **အစုံသောနားကိုစွင့်**

ရှေ့ကနေ ဦးဆောင်မယ့်လူအနေနဲ့ နားရွက်တစ်ဖက်ကို မြေကြီးနဲ့ ကပ်ထားမယ်ဆိုရင် ကျန်တဲ့နားရွက်တစ်ဖက် ပစ်မှတ်ဖြစ်သွားလိမ့်မယ်။

**အဲန်ဂျို ပါရာဓါကီးစ်**

CARD GAMES can be expensive,
but so can any game
where you hold hands.

- *WAILUKU*



■ လက်မြဲတဲ့ ကစားနည်း

ဖဲကစားတာ ငွေကုန်ကြေးကျတော့ များတယ်။

ဒါပေမယ့် ဒီကစားနည်းလို ကိုယ့်လက်နဲ့ သေသေချာချာ ဆုပ်ထားလို့ရတဲ့ တခြားကစားနည်း ရှိလို့လား။

ဓိုင်လူကူ

PAINTING is the art of protecting flat surface from the weather and exposing them to the critic.

– *AMBROSE BIERCE*



■ ပန်းချီဆေးရေးအတတ်


ပန်းချီဆွဲတယ်ဆိုတာ ပုံပျူးတဲ့ မျက်နှာပြင်တွေကို ရာသီဥတု ဒဏ်ကနေ အကာအကွယ်ပေးပြီး ဝေဖန်မယ့်သူရှေ့ ရောက်အောင် ထုတ်ပြဖို့ လုပ်တဲ့အတတ်ပါပဲ။

အမ်ဘရိုစ် ဘီးယားစ်

http://swanbros.blogspot.com

EDUCATION is discipline for the adventure of life.

– *ALFRED NORTH WHITEHEAD*



■ ဘဝရဲ့စည်း

ပညာရေးဆိုတာဘဝစွန့်စားခန်းအတွက် စည်းကမ်းကလနားပဲ။

အဲလ်ဖရက် နော့သ် ဝိုက်တ်ဟက်ဒ်

For all the advances in medicine,
there is still no cure
for the common birthday.

- *SENATOR JOHN GLENN*




■ ဘာလင်ပန်းနဲ့ အချင်းဆေးသလဲ

ဆေးပညာ ဘယ်လောက်ပဲ ရှေ့တန်းရောက်တယ်ဆိုဆို ခုအချိန်ထိ၊ လူချင်းတူတူ သူချင်းမျှမျှ မွေးဖွားလာရတဲ့ ဘဝကို ရောက်ကြဖို့ ဆေးနည်းမတွေ့သေးဘူး။

ဆီးနိတ်လွှတ်တော်အမတ် ဖွန်ဂလင်း

A man of genius makes
no mistakes. His errors are
the portals of discovery.

– *JAMES JOYCE*



■ ပါရမီ့ရှင်

ပါရမီ့ရှင်ဆိုတာ အများတွေလျှောက်မလုပ်ဘူး။ သူ့မှာချွတ်ချော်တာရှိရင်တောင် ဒါတွေက အသစ်ရှာဖွေတွေ့ရှိမှုရဲ့ တံခါးခြေကျော်ပေါက်တွေ ဖြစ်နေတတ်တယ်။

ဂျိမ်းစ် ထွိုက်စ်

A GOOD memory is one trained to forget the trivial.

– *CLIFTON FADIMAN*

http://swanbros.blogspot.com



■ မှတ်ဉာဏ်ကောင်းဆိုတာ

ဖုံမဝင် ဆုံမဝင် ကိစ္စတွေကို မေ့ပစ်နိုင်အောင် လေ့ကျင့်ထားမှ မှတ်ဉာဏ်ကောင်းလို့ ခေါ်တယ်။

ကလစ်ဖ်တင် ဖာဒီမန်

PERCHED one the loftiest throne
in the world, man is still sitting
on his own behind.

– *MONTAIGNE*



■ အတ္တကို ကုန်းပိုးထားမယ်

လောကမှာ အကြီးကျယ်ဆုံးဆိုတဲ့ ပလ္လင်ပေါ်တက်ထိုင်ပြီး ခံစားစံစားနေရပေမယ့်လည်း လူဆိုတာ ကိုယ့်ကျောကုန်းပေါ် ကိုယ်ဖက်တက်ပြီး ကားယားခွတုန်းပဲ။

မွန်တိန်း

http://swanbros.blogspot.com

You can tell a lot about a town
from how it treats its visitors.

— *MARY E. POTTER*



■ မြို့တစ်မြို့ရဲ့အကြောင်း


ကိုယ့်ဆီအလည်လာတဲ့ အာဂန္တုဧည့်သည်အပေါ် ဘယ်လိုဆက်ဆံတယ်ဆိုတာကြည့်ပြီး၊ မြို့တစ်မြို့အကြောင်း ကောင်းကောင်းကြီး ပြောလို့ရတယ်။

မေရီ အီး၊ ပေါ့တား

http://swanbros.blogspot.com

I LISTEN to critics because often they're a good source of information for what you have to do differently.

– *JOHN CHAMBERS*



■ ကျွန်တော့်ကို ဝေဖန်ပါ

ဝေဖန်ရေးဆရာတွေရဲ့စကားကို ကျွန်တော်ကတော့ နားစွင့်တယ်။

ဘာပြုလို့လဲဆိုတော့ တစ်ခါတလေ ကိုယ့်အနေနဲ့ တစ်မူကွဲပြားတာ လုပ်ဖို့လိုတဲ့အခါ သူတို့ကမှ တကယ့် သတင်းဇစ်မြစ်ကောင်း ဖြစ်နေတတ်လို့ပဲ။

ရွှန် ချိမ်းဘားစ်

LIVE  your life in the manner
that you would like
your kids to live theirs.

*– MICHAEL  LEVINE*



■ ဆင္ခြမေျမာက္ မိဘဝတ္


ကိုယ့္သားသမီးေတြကို ဘယ္အမူအက်င့္မ်ိဳးနဲ႔ ေနေစထိုင္ေစ
ခ်င္သလဲ။

အဲဒီ ေနနည္းမ်ိဳးနဲ႔ ကိုယ္ကိုယ္တိုင္လည္း ေနျပပါ။

မိုက္ကယ္လ္ လီမိုင္း

THE Ten Commandments aren't prefaced with "If you're in the mood."

– *LAURA SCHLESSINGAR*



■ ပညတ်တော်ဆယ်ပါးသည် သားချော့တေးမဟုတ်

ပညတ်တော်ဆယ်ပါးမှာ “သင်စိတ်ပါလျှင် လိုက်နာပါ”လို့ အမှာစာ ရေးမထားဘူး။

ယော်ရာ ရှလက်ဆင်းဂါး

WHEN we forgive,
we free ourselves
from the bitter ties that bind
us to the one who hurt us.

*- CLAIRE FRAZIER YZAGUIRER*

http://swanbros.blogspot.com




■ **အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏ ...**

ခွင့်လွှတ်လိုက်ပြီ ဆိုတဲ့အခါမှာ ကိုယ့်ကို အနာတရဖြစ်အောင် လုပ်သူနဲ့ ကိုယ်နဲ့ကြားမှာ တုပ်နှောင်ထားတဲ့ နာကျည်းခါးသီးမှု အနှောင်အဖွဲ့ကနေ ကိုယ့်ကိုယ်ကို လွတ်လပ်ခွင့်ပေးလိုက်တာပါပဲ။

ကလိုင်ရာ ဖရေဇီယာ ဇာဂူရာ

http://swanbros.blogspot.com

ADVERSITY causes
some men to break,
others to break records.

– *WILLIAM ARTHUR WARD*



■ ဘယ်လို လူစားလဲ


ပြဿနာ အခက်အခဲကို အကြောင်းပြုပြီး လူတချို့က ဦးကျိုးကျတယ်။ တချို့ကတော့ စံချိန်တွေပါ ချိုးပြတယ်။

ဝီလျံ အာသာ ဝပ်ဒ်

http://swanbros.blogspot.com

YEARN to understand first and
to be understood second.

– *BECA LEWIS ALLEN*




■ ထက်သန်ပြင်းပြစိတ်

နားလည်ချင်စိတ် ပြင်းပြဖို့က ပထမ။ နားလည်အောင် လုပ်ဖို့က ဒုတိယ။

ဘီကာ လူးဆစ် အယ်လန်

Success in getting what you want.
Happiness is liking what you get.

*– H. JACKSON BROWN*




■ လိုလားတာကိုရဖို့၊ ရတာကို လိုလားဖို့

ကိုယ်လိုချင်တာကိုရရင် အောင်မြင်မှုလို့ခေါ်တယ်။ ကိုယ်ရတာကို နှစ်သက်နိုင်ရင် ပျော်ရွှင်မှုလို့ခေါ်တယ်။

**အိပ်ချ်၊ ဂျက်ဆင် ဘရောင်း**

TRUE power is knowing
that you can,
but you don't.

*– JULIET ALICIA JARVIS*



■ တကယ့်စိတ်ဓာတ်

လုပ်လိုက်ရင် ရမှန်းသိရက်နဲ့ မလုပ်ဘဲနေတာမျိုးမှ ကြံ့ခိုင်တဲ့ တကယ့်စိတ်ဓာတ်။


ဂျူးလီယက် အယ်လစ်ရှာ ဂျားဗစ်

http://swanbros.blogspot.com

IF the Creator had a purpose
in equipping us with a neck,
he surely meant us to stick it out.

*– ARTHUR KOESTLER*

http://swanbros.blogspot.com



■ **ကုပ်ပိုးနဲ့ ထမ်းပိုး**

ဖန်ဆင်းရှင်က ကျုပ်တို့ကို ကုပ်ပိုးတစ်ခု ဆင်ယင်ပေးဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုရင်၊ တကယ့်အဓိပ္ပါယ်က ကျုပ်တို့ကို သူ ထမ်းပိုးတင်ချင်လို့ပါ။

**အာသာ ကိုစ်လာ**

RAISING kids is part joy and part guerilla warfare.

*– ED ASNER*

http://swanbros.blogspot.com




■ ရင်သွေးတစ်ယောက် လူလားမြောက်ဖို့

ကလေးတွေကို ပြုစုပျိုးထောင်ရတယ်ဆိုတာ တစ်ပိုင်းက ပျော်စရာကောင်းသလို၊ တစ်ပိုင်းကလည်း လက်ရွေးစင်တပ်ဖွဲ့နဲ့ အသေအကျေ တိုက်ရသလိုပါပဲ။

**အက်ဒ် အက်စ်နာ**

THERE is one right
I would not grant anyone.
And that is the right
to be indifferent.

– *ELIE WIESEL*



■ နေသာသပ လေညာက

ကျွန်တော်ဘယ်သူ့ကိုမှ မလိုက်လျောနိုင်တဲ့ အခွင့်အရေး တစ်ခုရှိတယ်။ အဲဒါကတော့ ကိုယ်နဲ့မဆိုင်သလို နေမယ်ဆိုတဲ့ အခွင့်အရေးပါပဲ။

အယ်လီ ဝိုင်ဆယ်လ်

http://swanbros.blogspot.com

A MAN’s character and his garden both reflect the amount of weeding that was done during the growing season.



■ လုပ်ရည်ကိုင်ရည်

လူတစ်ယောက်ရဲ့ အကျင့်စရိုက်နဲ့ သူစိုက်တဲ့ခြံအကြောင်း သိချင်ရင် စိုက်ပျိုးရာသီအတွင်း ပေါင်းမထအောင် ဘယ်လောက်ရှင်းနိုင်သလဲဆိုတာနဲ့သာ ဟပ်ကြည့်။

WOMEN are most fascinating between the ages of 35 and 40, after they have won a few races and know how to pace themselves. Since few women ever pass 40, maximum fascination can continue indefinitely.

– *CHRISTIAN DIOR.*



## ■ အလှဆုံးအချိန်

မိန်းမတွေဟာ အသက် (၃၅) နှစ်ကနေ (၄၀) ကြားမှာ ကြည့်လို့ရှုလို့ အကောင်းဆုံး၊ ကျက်သရေအရှိဆုံးပဲ။ ဘဝမှာ နိုင်ပွဲလေးတွေလည်း အသင့်အတင့်ရှိလာတော့ ဘယ်ခြေ ဘယ်လို လှမ်းရမယ်ဆိုတာ သိလာကြတယ်။ (၄၀)ကျော်တဲ့အထိ ဆက်ပြီး ဆွဲဆောင်အား အမြင့်မားဆုံးဖြစ်နေဖို့ ဆိုတာကတော့ သိပ်မရေရာဘူး။ ရှိလည်း အနည်းစုလောက်ပဲ နေမှာပါ။

ခရစ္စတီယန် ဒီယော်

You cannot paint the “Mona Lisa”
by  assigning one dab each
to a thousand painters.

– *WILLIAM  BUCKLEY. JR.*



■ တစ်သောင်းအားနှင့် ယှူသော်မရ

ပန်းချီဆရာ အယောက်တစ်ထောင်ကို တစ်ကန့်စီ ခွဲဝေပေးပြီး ရေးခိုင်းလိုက်လို့၊ "မိုနာလီဆာ" ပန်းချီကား ဖြစ်မလာနိုင်ဘူး။

ဝီလျံ ဘတ်ကလေ (ဂျူနီယာ)

http://swanbros.blogspot.com

HE who lives without discipline
dies without honour;

– *ICELANDIC PROVERB*




■ **စည်းကမ်း**

**စည်းကမ်းကလနားမရှိဘဲ နေတဲ့သူဟာ သေတော့ လူရှိသေစရာမရှိဘဲ သေရတတ်တယ်။**

**အိုက်စလန်စကားပုံ**

You can't put a price tag on love,
but you can on all its accessories.

– *MELANIE CLARK*




■ **အနှိုင်းမဲ့တန်ဖိုး**

အချစ်မှာ ဈေးနှုန်းတံဆိပ် သွားကပ်လို့မရဘူး။ ဒါပေမယ့် သူနဲ့ပတ်သက်သမျှ ပစ္စည်းပစ္စယတွေပေါ်မှာတော့ ကပ်လို့ရတယ်။

မီလာနီ ကလပ်ခ်

ONLY love can be divided endlessly and still not diminish.

*– ANNE MORROW LINDBERG*



■ စိမ့်ရေစမ်းရေပမာ

အတောမသတ် ခွဲဝေပေးနေတဲ့ကြားက လျော့ပါးမသွားတဲ့ အရာဆိုလို့ ချစ်ခြင်းမေတ္တာ တစ်ခုတည်းရှိတယ်။

အဲန်းမောရိုး လင်းဘာ့ဂ်

http://swanbros.blogspot.com

THE only way you can truly control how you're seen is by being honest all the time.

– *TOM HANKS*



■ ရိုးသားမှု

ကိုယ့်ကို တစ်ဖက်သား ဘယ်လိုမြင်သွားမလဲဆိုတာနဲ့ ပတ်သက်လို့ တကယ်တမ်း ထိန်းချုပ်နိုင်တာ တစ်နည်းတည်းရှိတယ်။ အဲဒါကတော့ အခါခပ်သိမ်း ကိုယ့်ဘက်က ရိုးသားမှုရှိဖို့ပဲ။

တော်မ် ဟဲန့်ခ်စ်

http://swanbros.blogspot.com

The reputation of a thousand years may be determined by the conduct of one hour.

*– JAPANESE PROVERB*

http://swanbros.blogspot.com

■ သိက္ခာမဲ့လုပ်ရပ်

နှစ်ပေါင်းထောင်ချီလာတဲ့ ဂုဏ်သိက္ခာပေမယ့် တစ်နာရီစာ အပြုအမူကြောင့် အဆုံးဖြတ်ခံရတတ်တယ်။

ဂျပန်စကားပုံ

The STARS are not so strange
as the mind that studies them,
analyzes their light and
measures their distance.

*– Harry Emerson Fosdick*



■ **စိတ်**

ကြယ်တာရာတွေက ထူးခြားဆန်းကြယ်တယ်ဆိုပေမယ့်၊ သူတို့အကြောင်းလေ့လာ၊ သူတို့အလင်းကို ခွဲခြမ်းစိတ်ဖြာပြီး၊ သူတို့အကွာအဝေးကို တိုင်းတာနေကြတဲ့ လူတွေရဲ့စိတ်လောက် မဆန်းကြယ်ပါဘူး။

**ဟယ်ရီ အီမာဆင် ဖော့စ်ဒစ်ခ်**

http://swanbros.blogspot.com

The IDENTIFICATION of old age
with growing old must be avoided.
Growing old is an emotion
which comes over us
at almost any age. I had it
myself between the ages of
25 and 30.

*– E.M. FORSTER*



■ **အိုစာတယ်ဆိုတာ**

အိုစာတာကြည့်ပြီး အသက်ကြီးပြီလို့ ကောက်ချက်ချလို့ မရဘူး။ ရုပ်ရည် အိုစာတယ်ဆိုတာ စိတ်ခံစားမှုအရ အသက်အရွယ် မရွေး လူတွေအပေါ် ဖိစီးလာတတ်တယ်။ ကျွန်တော်ဆို အသက် အစိတ်နဲ့ သုံးဆယ်ကြားမှာ အိုစာသွားခဲ့တာ ကိုယ်တွေ့ပဲ။

**အီး၊ အမ်၊ ဖော့စတာ**

USE of the computer in planning marriages is nothing new. Many a young man has been hooked by a calculating mother.

– *CLYDE MOORE*

http://swanbros.blogspot.com





■ တွက်ရတယ် သမီးရေ

အိမ်ထောင်ပြုဖို့ စီမံကိန်းဆွဲတဲ့နေရာမှာ ကွန်ပျူတာသုံးတာ အသစ်အဆန်းမဟုတ်ပါဘူး။ အတွက်အချက်ကောင်းတဲ့ မအေနဲ့ တွေ့ပြီး သမက်အဖမ်းခံရတဲ့ လူပျိုလေးတွေ နည်းတာမှတ်လို့။

**ကလိုက်ဒ် မိုး**

GIRLS HAVE an unfair advantage
over men: if they can't get
what they want by being smart,
they can get it by being dumb.

– *YUL BRYNNER*



■ **အသံတိတ်လက်နက်**

ယောကျ်ားတွေအပေါ် မိန်းကလေးတွေ မတရားသဖြင့် အခွင့်ကောင်းယူတာ တစ်ခုရှိတယ်။ သူတို့လိုချင်တာကို ရှန်းရှန်းဝေအောင်လုပ်ပြပြီး ယူလို့ရရင်ရ၊ မရရင် အ,အကြီးလိုလုပ်ပြီး ရအောင်ယူတော့တာပဲ။

ယူးလ် ဘရိုင်းနား

FREEDOM to be your best means
nothing unless you're willing
to do your best.

*– COLIN POWELL*




■ လွတ်လပ်မှု

ကိုယ့်အတွက်အကောင်းဆုံးက လွတ်လပ်မှုပါလို့ဆိုပြီး ကိုယ်ကိုယ်တိုင်က အကောင်းဆုံးဖြစ်အောင် လုပ်ချင်စိတ်မရှိရင် အဲဒီလွတ်လပ်မှုဟာ အဓိပ္ပါယ်ရှိမှာ မဟုတ်ဘူး။

ကောလင်း ပေါင်းဝဲလ်

When you don’t know
what you want, you often
end up where you don’t want to be.

– *BOB GREENE*



■ ပန်းတိုင်မဲ့ခရီးသည်

ကိုယ်လိုချင်တာ ဘာမှန်းမသိတဲ့လူဟာ ကိုယ်မသွားချင်တဲ့ နေရာအရောက်မှာ ရှေ့မဆက်တော့ဘဲ ရပ်ပစ်လိုက်တတ်တယ်။

ဘောဘ် ဂရီးန်

Half of the harm that is done
in the world is due to people
who want to feel important.

*– T.S. Eliot*



■ **ကမ္ဘာ့ကျေးဇူးရှင်ကြီးများ**

ကမ္ဘာ့အမှောင့်ပယောဂတွေရဲ့ ထက်ဝက်ဟာ ကိုယ့်ကိုယ်ကို သိပ်အရေးပါချင်သူတွေရဲ့ လက်ချက်ကြောင့် ဖြစ်ရတာပါ။

**တီ၊ အက်စ်၊ အဲလီယော့တ်**

Marriage resembles a pair of shears, so joined that they cannot be separated; often moving in opposite directions, yet always punishing anyone who comes between them.

– *SYDNEY SMITH*



■ **ခိုင်မြဲတဲ့အိမ်ထောင်**

အိမ်ထောင်ကျသွားရင် ခြံစည်းရိုးပင်ဖြစ်တဲ့ ကတ်ကြေးကြီး တစ်လက်လို ဖြစ်လာတယ်။ ခိုင်လွန်းလို့ နှစ်ဖက်စလုံးက ပြုတ်မထွက်နိုင်ဘူး။ ဦးတည်လှုပ်ရှားရာဘက်ချင်း ဆန့်ကျင်ပေမယ့် ကြားထဲဝင်လာလို့ကတော့ ဘယ်သူ့ကိုဖြစ်ဖြစ် နှိပ်ကွပ်ပစ်လိုက်တာချည်းပဲ။

**ဆစ်ဒနီ စမစ်သ်**

Let me tell you the secret that
has led me to my goal.
My strength lies solely
in my tenacity.

*– LOUIS PASTEUR*



## ■ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်


အောင်မြင်မှုဆီ ကျွန်တော့်ကို ပို့ဆောင်ပေးခဲ့တဲ့ လျှို့ဝှက်ချက်အကြောင်း ပြောပြပါရစေ။ ကျွန်တော်ရဲ့ ခွန်အားမှန်သမျှ နောက်မဆုတ်တမ်း လက်မလျှော့တမ်းဆိုတဲ့ အထဲမှာ လုံးလုံးနှစ်ဝင် နေတာပါပဲ။

လူဝီ ပက်စ်ချာ

http://swanbros.blogspot.com

Capitalism is what people do
if you leave them alone.

— *KENNETH MINOGUE*



■ **အရင်းရှင်စနစ်**

**အရင်းရှင်စနစ်ဆိုတာ လူတွေကို သူတို့စိတ်ကြိုက် လွှတ်ပေး လိုက်ရင် လုပ်တတ်ကြတဲ့ အလုပ်ပဲ။**

**ကက်နက် မင်းနော့**

Nobody minds having
what is too good for them.

– *JANE AUSTEN*




■ **ကျေနပ်ပါတယ် . . .**

ကိုယ့်အတွက် ကောင်းပေ့ဆိုတာ ရလို့ကတော့ ဘယ်သူမှ အဆိုးမဆိုဘူး။

ဂျိန်း အော်စတင်

http://swanbros.blogspot.com

Righteousness is
easy in retrospect.

– *ARTHUR SCHLESINGER*




■ ကိုယ်ကျင့်တရား မှတ်ကျောက်

စာရိတ္တကောင်းရင် နောက်ကြောင်းရှင်းတယ်။

အာသာ ရှလေဆင်းဂါး

Invest yourself in everything you do.
There’s fun in being serious.

– *WYNTON MARSALIS*




■ နှစ်နှစ်ကာကာ

ဘာပဲလုပ်လုပ် စိတ်ရောကိုယ်ပါ နှစ်ပြီးလုပ်ပါ။
အလေးအနက်ထားတတ်ရင် ပျော်မွေ့စရာကောင်းပါတယ်။

**ဝင်တင် မားဆလစ်**

Although he may not recognise
his bondage, modern man
lives under a tyranny of numbers.

*— NICHOLAS EBERSTADT.*



■ ကိန်းဂဏန်းတွေနဲ့ ဒုက္ခရောက်နေတဲ့လူ

ခေတ်သစ်မှာ လူဖြစ်ရတာက ကိုယ့်ကိုယ်ကို အနှောင်ဖွဲ့ခံလို့ ခံနေရမှန်းမသိဘဲ၊ ကိန်းဂဏန်းတွေရဲ့ စိုးမိုးခြယ်လှယ်မှုအောက်မှာ အသက်ရှင်နေရတတ်တယ်။

နစ်ကလပ်စ် အီဘာစတတ်

http://swanbros.blogspot.com

Good history is a question of survival.
Wihout any past, we will deprive our-
selves of the defining impression
of our being.

– *KEN BURNS*




■ **သမိုင်းရှိတဲ့လူ**

သမိုင်းကြောင်းကောင်းတယ်ဆိုတာ အကျပ်အတည်းကနေ လွတ်မြောက်ရှင်သန်အောင် ဘယ်လောက် အားထုတ်ခဲ့ရသလဲလို့ အမေးမြန်းခံနိုင်ရမယ်။ လူမှာ နောက်ကြောင်းမရှိရင်၊ ကိုယ့်အကြောင်း ကိုယ့်သိက္ခာ ဖွင့်ဆိုရမယ့်နေရာမှာ ကိုယ့်ကိုယ်ကို ဖယ်ရှားပစ်ရာ ရောက်လိမ့်မယ်။

**ကဲန်း ဘန်းစ်**

http://swanbros.blogspot.com

The art of being wise is the art of being what to overlook.

– *WILLIAM JAMES*

http://swanbros.blogspot.com



## ■ ပညာရှိဖြစ်နည်း

ပညာရှိဖြစ်နည်း နိသသရည်းကတော့ ကျော်သင့်တာကို ကျော်လွှားပြီး ကြည့်တတ်ဖို့ပါပဲ။

**ဝီလျံမ် ဂျိမ်းစ်**

Never let a problem to be solved become more important than a person to be loved.

*– BARBARA JOHNSON*



■ လူ့သာပစာန

ဖြေရှင်းရမယ့် ပြဿနာတစ်ခုကို ချစ်ရခင်ရမယ့် လူတစ်ယောက်ထက်ပိုပြီး အရေးကြီးမနေမိပါစေနဲ့။

ဘာဘရာ ဂျွန်ဆင်

Leadership is an opportunity to serve. It is not a trumpet call to self importance.

— *J. DONALD WATERS*




**ခေါင်းဆောင်မှုဆိုတာ**

ခေါင်းဆောင်မှုဆိုတာ အလုပ်အကျွေးပြုဖို့ အခွင့်အလမ်း ပေါ်တာပဲ။ ငါသာလျှင် အရေးပါတယ်လို့ တံပိုးခရာမှုတ်ပြနေစရာ မဟုတ်ဘူး။

ဂျေ၊ ဓော်နယ်လ် ဝေါလ်တားစ်

Live so that when your children think of fairness and integrity, they think of you.

*– H.JACKSON BROWN, JR.*




■ စံပြုလောက်အောင်နေ

ကိုယ့်သားသမီးတွေက ရိုးသားကြိုးစားမှုအကြောင်း စဉ်းစားကြတဲ့အခါ၊ ကိုယ့်အကြောင်း ထည့်တွေးဖြစ်အောင်နေပြပါ။

အိပ်ချ်၊ ဂျက်ဆင် ဘရောင်း (ဂျူနီယာ)

If you have but one wish,
let it be for an idea.

*– PERCY SUTTON*




■ ဘဝမှာ စိတ်ကူးကောင်းဖို့လိုတယ်

ကိုယ့်မှာ တောင့်တစရာ ဆန္ဒဆိုလို့ တစ်ခုတည်းသာ ရှိမယ်ဆိုရင်လေ··· အဲဒီဆန္ဒကို စိတ်ကူးထုတ်ဖို့ ဖြစ်ပါစေ။

**ပါစီ ဆတ္တန်**

It is books that are a key
to the wide world;
if you can’t do anything else,
read all that you can

– *JANE HAMILTAN*





■ စာဖတ်ပါ

ကျယ်ဝန်းတဲ့ ကမ္ဘာမှာ စာအုပ်တွေဟာ အခရာပဲ။ တခြား ထူးထူးထွေထွေ လုပ်စရာမရှိရင် တတ်နိုင်သလောက် စာများများ ဖတ်ပါ။

ဂျိန်း ဟမီလ်တန်

No machine can replace
the human spark: spirit, compassion,
love and understanding.

— *LOUIS V. GERSTNER, JR.*



■ **အစားထိုးလို့ မရတာတွေ**

**လူ့အစွမ်းအစကို ဘယ်စက်ကိရိယာနဲ့မှ အစားထိုးလို့ မရဘူး။ ဥပမာ-စိတ်ဓာတ်၊ ကရုဏာ၊ မေတ္တာနဲ့ စာနာနားလည်မှု။**

**လူဝီ ဗွီ၊ ဂါးစ်နား (ဂျူနီယာ)**

The reluctance to put away
childish things may be
a requirement of genius.

— *REBECCA PEPPER SINKLER*

http://swanbros.blogspot.com



■ နည်းနည်းတော့ ကြောင်ချင်ကြောင်မယ်

ကလေးကလား ကိစ္စမျိုးတွေကို မစွန့်လွှတ်နိုင်တာဟာ ပါရမီရှင်ဖြစ်ဖို့ လိုအပ်ချက်တစ်ခုလို့ ဆိုရမယ်။

ရီဘက်ကာ ပက်ပါ ဆင့်ကလာ

If you want people to notice
your faults, start giving advice.

— *KELLY STEPHENS*

http://swanbros.blogspot.com



■ **အကြံပေးပုဂ္ဂိုလ်**

ကိုယ်အသုံးမကျတာ လူတကာသိစေချင်ရင် အကြံဉာဏ်ပေးတဲ့ အလုပ်သာ စ,လုပ်လိုက်ပါ။

**ကယ်လီ စတီဖင်စ်**

Any activity becomes creative
when the doer cares about
doing it right, or better.

– *JOHN UPDIKE*

http://swanbros.blogspot.com



■ ဖန်တီးမှုသဘောတရား

ဘယ်လုပ်ရပ်ပဲဖြစ်ဖြစ်၊ လုပ်တဲ့လူကိုယ်တိုင်က မှန်မှန်ကန်ကန်နဲ့ မကောင်းကောင်းအောင် ဂရုတစိုက်လုပ်ကိုင်နေပြီဆိုရင် ဖန်တီးမှုသဘော သက်ဝင်လာတတ်တယ်။

ဝှန် အပ္ပဒိုက်

Doubt is often
the beginning of wisdom.

*– M. SCOTT PECK.*



■ မျက်စိမှိတ်မယုံနဲ့

ဒွိဟသံသယဆိုတာ ဉာဏ်ပညာရဲ့ ကနဦးအစ ဖြစ်နေတတ်တယ်။

အမ်၊ စကော့ ပက်

http://swanbros.blogspot.com

The rate at which a person
can mature is directly proportional
to the embarrassment he can tolerate.

– *DOUG ENGELBART*




■ ရင့်ကျက်တယ်ဆိုတာ

လူတစ်ယောက်ရဲ့ ရင့်ကျက်နိုင်တဲ့ နှုန်းကို တွက်ကြည့်ရင် စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံတဲ့အခါ ဘယ်လောက်ခံနိုင်ရည် ရှိသလဲဆိုတာနဲ့ တိုက်ရိုက်အချိုးကျတယ်။

ဒေါက် အဲန်ဂျယ်ဘာ့တ်

Justice may be blind, but she has
very sophisticated listening devices.

*– EDGAR ARGO*



■ တရားမျှတမှု


တရားမျှတမှုမှာ မျက်စိပါချင်မှ ပါမယ်။ ဒါပေမယ့် အနံ့စိတ်ကြားနိုင်တဲ့ နှာခေါင်းကြီးနှစ်ဖက်တော့ တပ်ထားပါတယ်။

အက်ဂါ အာဂို

http://swanbros.blogspot.com

Today’s greatest labour-saving device is tomorrow.

– *TOM WILSON*




■ အချိန်ရွှေ့ဆိုင်းရေးကိရိယာ

ဒီကနေ့အတွက် အလုပ်သက်သာအောင် လုပ်ပေးတဲ့ မဟာ ယန္တရားကြီးတစ်ခုရှိတယ်။ မနက်ဖြန်··တဲ့။

**တော်မ် ဝီလ်ဆင်**

We ought to think that we are
one of the leaves of a tree,
and the tree is all humanity.
We cannot live without the others,
without the tree.

– *PABLO CASALS*



■ မကောင်းရာ မကောင်းကြောင်း

လူ့လောကကြီးကို သစ်ပင်တစ်ပင်နဲ့ နှိုင်းမယ်ဆိုရင် ကျွန်တော် တို့က သစ်ရွက်တစ်ရွက်စီနဲ့ တူတယ်။ သစ်ပင်နဲ့ကင်းလို့ဖြစ်စေ၊ တခြားသစ်ရွက်တွေနဲ့ ကင်းလို့ဖြစ်စေ၊ ကျွန်တော်တို့ ရှင်သန် မနေနိုင်ဘူး။

ပတ်ဘလို ကာဆယ်လ်

http://swanbros.blogspot.com

When indifferent, the eye
takes still photographs;
when interested, movies.

– *MALCOLM DE CHAZAL*



■ ချစ်သောမျက်စိ၌ အမျက်အအိမရှိ


အရေးမစိုက်တဲ့အခါ မျက်စိက ရုပ်သေဓာတ်ပုံတွေပဲ ရိုက်ယူတယ်။ အရေးလည်းစိုက်ရော ရုပ်ရှင်တွေ ဖြစ်ကုန်ပါလေရော။

မယ်လ်ကွမ်း ဒီ ချာဇယ်လ်

http://swanbros.blogspot.com

If I spent as much time doing
the things I worry about getting
done as I do worrying about
doing them, I wouldn't have anything
to worry about.

*– BERYL PFIZER*




■ ကြောင့်ကြတာင်းချင်ရင် ကြောင့်ကြစိုက်ပါ

လုပ်လို့မပြီးမှာ စိုးရတဲ့အလုပ်တွေကို မပြီးပြီးအောင် စိုးရိမ်စိတ်နဲ့လုပ်ရင်း အတတ်နိုင်ဆုံး အချိန်ပေးခဲ့မယ်ဆိုရင်၊ ကိုယ့်မှာ စိုးရိမ်စရာ ဘာတစ်ခုမျှ ရှိမှာမဟုတ်တော့ပါဘူး။

ဘီရီးယ် ဖိုင်ဇာ

The man who is always
the life of the party will be
the death of his wife.

*– FRED SPARKS*

http://swanbros.blogspot.com



■ သင့်မြတ်အောင် ပေါင်း

အပေါင်းအသင်းတွေအတွက် အမြဲတမ်း အသက်ရှင်နေတဲ့ လူဟာ အိမ်ကမယားအတွက်တော့ အသက်သေနေတာနဲ့ အတူတူပဲ။

ဖရက်ဒ် စပါခ်စ်

To keep well by too strict
a regimen is a tedious
disease in itself.

– *LA ROCHE FOUCAULD*



■ စိတ်မသက်သာတဲ့ ကျန်းမာရေး

နေရာတကာပုံစံကျမှ ကျန်းမာရမယ်ဆိုရင် နေနည်းစားနည်း စည်းမျဉ်းထဲမှာ စိတ်ကုန်စရာ ရောဂါပိုးပါလာသလို ဖြစ်နေမှာပေါ့။

လာ ရိုရှေ ဖိုးကောလ်

Memory feeds a culture,
nourishes hope and
makes a human, human.

– *ELIE WIESEL*




■ **အမှတ်သညာရဲ့ သတ္တိ**

ယဉ်ကျေးမှုကို ပျိုးထောင်ပေးတာ၊ မျှော်လင့်ချက်ကို ရှင်သန်စေတာ၊ လူကို လူဖြစ်အောင်လုပ်ပေးတာ မှတ်ဉာဏ်ပါ။

**အယ်လီ ဝိုင်ဇယ်လ်**

I like not only to be loved,
but to be told that I am loved;
the realm of silence is
large enough beyond the grave.

*– GEORGE ELIOT*



■ **အချစ်မှာ စကားလုံးလိုတယ်**

ကိုယ်က အချစ်ခံနေရရုံနဲ့ မကျေနပ်နိုင်ဘူး။ ကိုယ့်ကိုချစ်တဲ့ အကြောင်း ပြောတာလေးလည်း ကြားချင်သေးတယ်။ တေမိ လုပ်နေတဲ့တိုင်းပြည်က သချိုင်းမြေရဲ့ ဟိုဘက်မှာ အကျယ်ကြီးပါ။

ကျော့ချို အဲလိယော့

http://swanbros.blogspot.com

More things grow in the garden
than the gardener sows.

*–SPANISH PROVERB*

■ လောကဓမ္မတာ

ခြံတစ်ခြံမှာ ဥယျာဉ်မှူးစိုက်ပျိုးလိုက်တာထက် အပိုပေါက်လာတာတွေက များတယ်။

စပိန်စကားပုံ

The average man will bristle
if you say his father was dishonest,
but he will brag a little
if he discovers that his
great-grandfather was a pirate.

— *BERN WILLIAMS*

■ **အမျိုးကလည်း မသေးပေဘူး**

**သူ့လိုကိုယ်လိုလူ့ကို ခင်ဗျားအဖေက ကလိမ်ကကျစ်ကြီး ပါလို့ သွားပြောရင် အဲဒီလူ ထောင်းခနဲဖြစ်လိမ့်မယ်။ ဒါပေမယ့် သူ့အဘိုးအဘေးလို ပုဂ္ဂိုလ်က ပင်လယ်ဓားပြကြီးဖြစ်ခဲ့မှန်းသာသိ၊ အဲဒီလူ နည်းနည်းတော့ သွေးကြီးမွေးကြီး ဖြစ်သွားမှာပါ။**

**ဘန်း ဝီလျံမ်စ်**

Everyone wishes
they'd known everything sooner.

– *NELSON DE MILLE*

■ **ထင်တစ်လုံး**

ဘာမဆို သင်လိုက်ရင် မကြာခင်တတ်မှာပါလို့ လူတိုင်း ထင်တစ်လုံးနဲ့ ချည်းပဲ။

**နယ်လ်ဆင် ဒီ မီးလ်**

Every generation needs
to know that freedom consists
not in doing what we like,
but in having the right to do
what we ought.

— ***POPE JOHN PAUL II***

■ **လွတ်လပ်ခြင်းအစစ်မှာယ်**

**လူမျိုးဆက်တိုင်း သဘောပေါက်ဖို့လိုတာက လွတ်လပ်တယ်ဆိုတာ ကိုယ်လုပ်ချင်တာလုပ်နိုင်ဖို့ မဟုတ်ဘူး။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပိုင်ခွင့်ရှိဖို့ပဲ။**

**ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက်ဂျွန်ပေါလ်**

http://swanbros.blogspot.com

We are all inclined to judge
ourselves by our ideals;
other, by their acts.

—*HAROLD NICOLSON*

## ■ စိတ်ကူးနဲ့ လက်တွေ့

ကျွန်တော်တို့က ဘာမဆိုကိုယ့်စိတ်ကူးထဲရှိတာတွေနဲ့
ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချင်ကြတယ်။
တချို့ကတော့ သူတို့ကိုယ်သူတို့ အလုပ်နဲ့ပိုင်းဖြတ်ပြတယ်။

ဟယ်ရယ် နီကိုလ်ဆင်

There is always one moment in
childhood when the door opens
and lets the future in.

— *GRAHAM GREENE*

■ သားသားကြီးရင် ဘာလုပ်မယ်

ဖျတ်ခနဲ တံခါးပွင့်သွားပြီး အနာဂတ်က အိမ်ထဲဝင်လာတဲ့ အချိန်တစ်ချိန်နဲ့ ကလေးဘဝမှာ တစ်ခါတော့ ကြုံရစမြဲပဲ။

ဂရေဟမ် ဂရီးန်

Where there is great love,
there are always miracles.

— *WILLA CATHER*

■ မေတ္တာစွမ်းအင်

မေတ္တာထုထည်ကြီးမားလေ
ကံအကျိုးပေးဆန်းကြယ်လေပဲ။

ဝီလာ ကာသာ

What is the difference between
a taxidermist and a tax collector?
The taxidermist takes only your skin.

— *MARK TWAIN*

■ **ခွာတော့ခွာတာပဲ**

အရေခွံခွာတဲ့လူနဲ့ အခွန်ကောက်တဲ့လူ ဘာကွာသလဲ။ အရေခွံခွာတဲ့လူက ကိုယ်ဆီက အရေပြားလောက်ပဲ ခွာယူတာပါ။

မာ့ခ် တွိန်း

When one finds himself
in a hole of his own making,
it is good time to examine
the quality of workmanship.

— *JON REMMER*

■ **အရှုံးစံလုပ်နေတာ**

ကိုယ့်အလုပ်မှာ စရိတ်ထောင်းမှန်း သတိထားမိရင် အဲဒီအချိန်ဟာ ကိုယ်ဘယ်လောက် လုပ်ရည်ကိုင်ရည်ရှိတယ်ဆိုတာ ပြန်စစ်ဆေးကြည့်ဖို့ ကောင်းတဲ့အချိန်ပဲ။

ဂျွန် ရမ္မားဒ်

http://swanbros.blogspot.com

This is a moment of hope in history.
Why doesn’t anybody say so?

— *P.J. O’ROURKE*

## ■ မျှော်လင့်လိုက်စမ်းပါ

ဒီအချိန်ဒီအခါဟာ လူ့သမိုင်းမှာ မျှော်လင့်ချက်ရှိတဲ့ အချိန်ပဲ။ ဒီစကားကို ဘယ်သူက ဘာဖြစ်လို့မပြောနိုင်ရမှာလဲ။

ပီ၊ ဂျေ၊ အိုရောက်ကီး

It's a lot better to hope than not to.

– *BENJAMIN J. STEIN*

■ **စိတ်အေးအေးထား**

မျှော်လင့်ချက်ရှိသေးတယ်ဆိုတာ အလျှင်းမရှိတာထက်စာရင် အပုံကြီးသာတာပေါ့။

**ဘင်ဂျမင်၊ ဂျေ၊ စတိန်း**

http://swanbros.blogspot.com

The strength of a nation derives
from the integrity of the home.

— *CONFUCIUS*

■ **တစ်အိမ်သားလုံး ညီညွတ်ကြ**

**နိုင်ငံတစ်နိုင်ငံရဲ့ အင်အားဆိုတာ တစ်အိုးတစ်အိမ်ချင်း စုစည်းညီညွတ်မှုအပေါ်တည်တယ်။**

**ကွန်ဖျူးရှပ်**

My test of a good novel
is dreading to begin
the last chapter.

— *THOMAS HELM*

■ **စံဓားမှုဝေဓ**

**ဝတ္ထုကောင်းတစ်ပုဒ်ကို ကျွန်တော် စစ်ဆေးကြည့်တဲ့နည်းက ဇာတ်သိမ်းခန်းကို စဖတ်ရမှာစိုးနေတာပဲ။**

**သောမတ်စ် ဟဲလ်မ်း**

Don’t approach a goat
from the front, a horse from the back
for a fool from any side.

— *YIDDISH PROVERB*

■ ဝေးဝေးကရှောင်

ဆိတ်နဲ့တွေ့ရင် ရှေ့တည့်တည့်ကမနေနဲ့။ မြင်းနဲ့တွေ့ရင် နောက်ကမနေနဲ့။ စိတ်မနှံ့တဲ့လူနဲ့တွေ့ရင်တော့ ဘယ်ဘက်ကမှ မနေလေနဲ့။

ဂျူးစကားပုံ

All art, like all love,
is rooted in heartache.

*— ALFRED STIEGLITZ*

■ ချစ်တာအနုပညာ

အနုပညာမှန်သမျှ အချစ်နဲ့အတူတူပဲ။ နှလုံးသား ဝေဒနာမှာ အမြစ်တွယ်ပေါက်ရတယ်။

**အဲလ်ဖရက် စတီတ်ဂလစ်တ်ဇ်**

http://swanbros.blogspot.com

Humor is laughing at
what you haven't got
when you ought to have it.

— *LANGSTON HUGHES*

■ ရှက်ပြုံးကြီး

ကိုယ်လိုချင်တာ မရလို့ရယ်ပြတာကို ဟာသလို့ခေါ်တယ်။

**လယ်နှစ်တန် ဟျူးဂျစ်**

http://swanbros.blogspot.com

You can't have a multiracial country
with a monoracial leadership.

— *NICHOLAS LEMANN.*

■ **စုပေါင်းတာဝန်ယူမှု**

လူမျိုးတစ်မျိုးတည်း ခေါင်းဆောင်မှုနဲ့ လူမျိုးပေါင်းစုံနေတဲ့ နိုင်ငံထူထောင်လို့ မရနိုင်ဘူး။

နစ်ကလပ်စ် လီမန်း

There is great audacity
in the willingness to change,
and more than a little optimism.

*— ROBERT CRAIS*

## ■ နေရစ်တော့ ခေတ်ဟောင်း

အပြောင်းအလဲ လုပ်ချင်စိတ်ဆိုတဲ့အထဲမှာ မိုက်မိုက်ကန်းကန်း သတ္တိရှိတာ အများကြီးပါတယ်။ တော်ရုံသင့်ရုံအကောင်း မြင်တတ်တာထက်လည်း နည်းနည်းပိုရတယ်။

**ရောဘတ် ခရေစ်**

http://swanbros.blogspot.com

Sometimes the news
is in the noise,
and sometimes the news is
in the silence.

— *THOMAS FRIEDMAN*

■ ကြားပြီးပြီလား

သတင်းဆိုတာ တစ်ခါတစ်ရံ အသံဗလံနဲ့လာတယ်။
တစ်ခါ တစ်ခါကျတော့ သတင်းက
အသံတိတ်လာတတ်တယ်။

**သောမတ်စ် ဖရိဒ်မဲန်း**

http://swanbros.blogspot.com

"Abandon learning and
there will be no sorrow."

— *LAOZI*

■ **သံဝေဂမဲ့နောင်တမဲ့**

"စာမတတ်အောင်သာနေလိုက်ပါ၊ ဝမ်းနည်းပူဆွေးတတ်စရာလည်း အကြောင်းမရှိတော့ဘူးပေါ့"

**လောင်ဇီ**

http://swanbros.blogspot.com

"Ruling a big country is like
cooking a small fish."

— *LAOZIJ*

■ လွှယ်ထယ်မှတ်လို့လား

"တိုင်းပြည်အကြီးကြီး တစ်ပြည်ကို အုပ်ချုပ်ရတာဟာ ငါးသေးသေးလေး တစ်ကောင်တည်းနဲ့ ဟင်းဖြစ်လာအောင် ချက်ရသလိုပဲ"

လောင်ဇီ

"To become rich is easy.
Much harder is to solve
the riddles of the heart."

— CAO XUE QIN

■ **နှလုံးသားစကားထာ**

ကြီးပွားချမ်းသာအောင် လုပ်ရတာကလွယ်တယ်။
နှလုံးသားက ဝှက်တဲ့စကားထာတွေကို
ဖော်ရတာက အများကြီးပိုခက်တယ်။

ကောင်ရှူကွင်း

http://swanbros.blogspot.com

"Poverty is not socialism.
To be rich is glorious."

— *DENG XIAOPING*

■ ပြည်သူတွေ ဘော့စ်ဖြစ်ရမယ်

ဆိုရှယ်လစ်စနစ်ဆိုတာ ဆင်းရဲနေဖို့မဟုတ်ဘူး။
ချမ်းသာအောင်လုပ်နိုင်ရင် ဩဇာရှိတာပေါ့။

တိန့်ရှောက်ပင်

“Show me a hero,” said
F. Scott Fitzgerald, “and
I will write you a tragedy.”

■ ကမ္ဘာ့ဇာတ်ခုံပေါ်မှာ

“ကျုပ်ကို သူရဲကောင်းတစ်ယောက်လောက် ပြစမ်းပါ” ဆိုပြီး အက်ဖ် စကော့ ဖစ်ဂျရယ်က ဆက်ပြောတယ်။

“ခင်ဗျားကို ကျုပ် အလွမ်းဇာတ်တစ်ပုဒ်ရေးပြပါမယ်”တဲ့။

http://swanbros.blogspot.com

Man’s mind is like
a parachute: to work,
it first has to be open.

*– J.J. SMITH*

■ မှန်လွှယ်ပါစေ

လူ့စိတ်ဆိုတာ လေထီးလိုပါပဲ။ အလုပ်လုပ်စေချင်ရင် ပထမဦးဆုံး ပွင့်သွားမှဖြစ်မယ်။

ဂျေ၊ ဂျေ၊ စမစ်သ်

http://swanbros.blogspot.com

http://swanbros.blogspot.com

စိတ်ကူးချိုချိုမှုစိစဉ်သော
ကာတွန်းသရုပ်ဖော်နှင့် အတွေးအခေါ်စာအုပ်များ

**ထွက်ပြီး**

- ခင်မောင်ညို (ဘောဂဗေဒ)နှင့် အော်ပီကျယ်တို့၏
  သင်ဘယ်လောက် အောင်မြင်ချင်သလဲ
  သင်ဘယ်လောက် အောင်မြင်နိုင်မလဲ
- ဇော်မောင်နှင့် မြင့်မိုးလှိုင်တို့၏
  ဥာဏ်ကောင်းသူတို့နှတ်၌ ပညာကိုတွေ့ရ၏

http://swanbros.blogspot.com

